၅/၁၀၄
၃၁.၅.၂၃

ကုန်သွယ်ရေးဦးစီးဌာန ★ ၈၇၀၅ နေပြည်တော် ၃၁.၅.၂၃ ★ ပြည်ထောင်စုဝန်ကြီးဌာန ... စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးဦးစီးဌာန

စာအမှတ်၊ ကသရ (ဦး)မူဝါဒ(၃)/ ၂၀၂၃-၂၀၂၄ (၈၇၀၈)
ရက်စွဲ ၊ ၂၀၂၃ ခုနှစ် ၊ မေလ ၃၁ ရက်

အကြောင်းအရာ။ ပြည်ပမှ ကုန်ပစ္စည်းများ တင်သွင်းခြင်းအတွက် Myanmar Tradenet 2.0 စနစ်တွင် သွင်းကုန်လိုင်စင်လျှောက်ထားရန်ကိစ္စနှင့်စပ်လျဉ်း၍ သိရှိနိုင်ရန် အကြောင်းကြားခြင်း

ရည် ညွှန်း ချက်။ ကုန်သွယ်ရေးဦးစီးဌာန၏ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့ ရက်စွဲပါစာအမှတ်၊ ကသရ(ဦး)မူဝါဒ(၃)/၂၀၂၃-၂၀၂၄(၀၂၂၃)

၁။ သွင်းကုန်လိုင်စင်လျှောက်ထားရန်မလိုသော ကုန်စည်လိုင်း (၃၀၇၅)လိုင်းအတွက် လိုင်စင်လျှောက်ထားမှုများကို Myanmar Tradenet 2.0 တွင် Automatic Licensing စနစ်ဖြင့် ခွင့်ပြုသွားမည်ဖြစ်ကြောင်း ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ(၈/၂၀၂၃)ဖြင့် ထုတ်ပြန်ထားမှုအား ရည်ညွှန်းပါစာဖြင့် အကြောင်းကြားထားပြီးဖြစ်ပါသည်။

၂။ အဆိုပါသတင်းလွှာအရ Automatic Licensing နှင့် Non-Automatic Licensing စနစ်ဖြင့် ခွင့်ပြုခြင်းကို ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့မှ စတင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။ သို့ရာတွင် သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် Myanmar Tradenet 2.0 စနစ်ကို စတင်အသုံးပြုရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ပိုမိုလွယ်ကူစွာ အသုံးပြုနိုင်ရေး စနစ်အတွင်း လိုအပ်သည်များ ထပ်မံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ သတင်းလွှာ (၈/၂၀၂၃) ပါ Automatic Licensing နှင့် Non-Automatic Licensing စနစ်ဖြင့် ခွင့်ပြုမည့်အစီအစဉ်အား ယခင်သတ်မှတ်သည့် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့အစား ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့မှ စတင်၍ခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လုပ်ငန်းရှင်များအား ကြိုတင်သိရှိနိုင်ရေး အသိပေးဆောင်ရွက်ထားရှိရန် အကြောင်းကြားပါသည်။

31.5.2023

ညွှန်ကြားရေးမှူးချုပ်( ကိုယ်စား )
( ချိုသက်မူ၊ ခေတ္တညွှန်ကြားရေးမှူး )

ဖြန့်ဝေခြင်း

ညွှန်ကြားရေးမှူး၊ ဌာနခွဲအားလုံး၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူး/ ဒုတိယညွှန်ကြားရေးမှူး/ လက်ထောက်ညွှန်ကြားရေးမှူး/ ဦးစီးအရာရှိ
ကုန်သွယ်ရေးဇုန်နှင့်စခန်းများအားလုံး၊ ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်၊ မန္တလေး၊ ကျိုင်းတုံ၊ မြစ်ကြီးနားရုံးခွဲ)
ကုန်သွယ်ရေးဦးစီးဌာန

C:\Users\ohnmarmyintaung\Desktop\Distribution to Nal.docx